

မိုးကာလျှန်းဝေ

# (၁)

"ကဲ...ယမင်းအိမ့်ရေ၊ လေဆိပ်ကို မင်းပဲ သွားကြိုလိုက်တော့ကွာ"

ရုပ်ရှင် ကုမ္ပဏီပိုင်ရှင် ဦးမြင့်စိုးကို ယမင်းအိမ့်က စိတ်ပျက်စွာ နှင့် လှမ်းကြည့်သည်။ ဝဝ မိုက်ပူပူနှင့် ဦးမြင့်စိုးက သူမကို ပြန်ပြီး ရှုတည်တည်နှင့် ကြည့်သည်။

"ဟို...ယမင်း သွားကြိုချင်ပါတယ် ဦး၊ ဒါပေမယ့်"

"ဟိတ်...ဒါပေမယ့် ဆိုတဲ့စကား ငါမကြားချင်ဘူး၊ မင်း သွားကြိုလိုက်ပါကွာ်၊ ငါ ဒီမှာ စီစဉ်စရာ တွေ ရှိသေးတယ် မအားဘူး၊ ပြီးတော့ မင်းသားကို ပြေပြေလည်လည်ပြော ကြားလား"

"အဲဒီ မင်းသားက ပေါင်းရ သင်းရ မလွယ်ဘူးတဲ့"

"လျှာရှည်လိုက်တာ ယမင်းအိမ့်ရာ၊ သွားကြိုမှာ သာ ကြိုစမ်းပါ၊ လေယာဉ်ဆိုက်ချိန် နီးနေပြီ"

တစ်ချက်လွှတ် အမိန့်ပေးပြီး မြင့်စိုး ရုပ်ရှင်ကုမ္ပဏီပိုင်ရှင် ဦးမြင့်စိုးက ယမင်းအိမ့် အပါးက ထွက်သွားသည်။

စားပွဲပေါ်မှာ ကားသော့ကို ပစ်တင်ပေးခဲ့သည်။

အတွင်း းရေး မှူး မလေး ယမင်းအိမ့် ခေါင်းကုတ်လိုက်သည်။

စိတ်လည်း အကြီးအကျယ် ညစ်နေသည်။ သွားကြိုရမည့် မင်းသားက ပေါင်းရ သင်းရ မလွယ်၍ လူတော် တော် များများ လန့်သော ယနေ့ခေတ်စူပါမင်းသား ဝံ့ထက်ကျော် ပါပဲ။ ကားတွေ လက်မလည်အောင် ရိုက်နေရသော ထိပ်တန်းမင်းသား၊ ပရိသတ်တွေ အများ ဆုံး လက်ခံသည့် မင်းသား၊ ဆယ်ကျော်သက် ယောကျ်ား မိန်းကလေးတွေ ရဲ့ အသည်းစွဲမင်းသားပေါ့။

သူ့ရဲ့ ပရိသတ်တွေ အပေါ်မှာ ချိုသာပျူငှာသလောက် ရုပ်ရှင်လောက

လူသားတွေ ထဲမှာ သူက သိပ်ပြီး အနေတည်ပြီး အထီးကျန် နေသည်တဲ့လေ။

ယမင်းအိမ့်လည်း သူ့ကို သိပ်ပြီး နှစ်သက် ပါတယ်။

သူပါတဲ့ကားတွေ ဆိုလျှင် မလွတ်တမ်း ကြည့်ခဲ့သည်ပေါ့၊ မြင့်စိုးကုမ္ပဏီသို့ ယမင်းအိမ့် ရောက်သည်မှာ မကြာသေး၊ လေးငါးလခန့်ပင် ရှိသေးသည်။

ယမင်းအိမ့်ရောက်ပြီးမှ သည်ကုမ္ပဏီက ဝံ့ထက်ကျော် နှင့် တစ်ကားမှ မရိုက်သေးပါ။ ခု ထားဝယ်မြို့ မှာ ရိုက်မှာ မို့ မင်းသားကို ထားဝယ်မြို့ သို့ ဖိတ်ခေါ်ရသည်ပေါ့။

ကုမ္ပဏီရဲ့ ထုံးစအတိုင်း ဦးမြင့်စိုးက ကြိုတင်ရောက်နေပြီ၊ ပြင်ဆင်စရာ ရှိသည်များ ကို ပြင်ဆင် ထားသည်။

ရက်အား နည်းသော မင်းသားကို အစစအရာရာ စီစဉ်ပြီးမှ ခေါ်ယူရသည်လေ။

မင်းသားအခန်း အလျှင်ရိုက်မှာ မို့ မင်းသားက နှစ် ရက် ကြိုရောက်မည် ။ ပြီးမှ မင်းသမီးက ရောက်မည် တဲ့။

အခြား ကုမ္ပဏီတွေ များ ဝံ့ထက်ကျော်ရိုက်စဉ်က ယမင်းအိမ့် တစ်ခန်း နှစ် ခန်း ကြည့်ဖူးသည်။ တကယ့်ကို မင်းသားအင်္ဂါရပ်နှင့် ကိုက်ညီသော ဝံ့ထက်ကျော်ကို ရုပ်ရှင်မင်းသားတွေ ထဲမှာ ယမင်းအိမ့် က အကြိုက်အနှစ်သက် ဆုံး၊ အားအပေးဆုံးပါ။

ဝံ့ထက်ကျော် ပါဝင်သီဆိုမည့် စတိတ်ရှိုးများ ဆိုလျှင် ယမင်းအိမ့်က မလွှတ်တမ်း ကြည့်ခဲ့သည်။ အားပေးသည်ပဲ၊ ဒါပေမယ့် ခုလို မင်းသားကို တစ်ယောက် တည်း သွားကြို ရမည် ဆိုတော့ ခပ်တွန့်တွန့် ဖြစ်သွားသည်။

ဝံ့ထက်ကျော်ရဲ့ အကြောင်းကိုသိနေ၍ သူ့ကိုပြောဆိုဆက်ဆံရမှာ ထိတ်လန့်နေသည်။ မိန်းမ တွေ နှင့် ပတ်သက်လျှင် ဝံ့ထက်ကျော် အနေတည်သည်။ ပြေပြေလည်လည် မဆက်ဆံတတ်ဘူး ဆိုတာ ယမင်းအိမ့် သိနေသည်လေ။

လေဆိပ်သို့ ကားကို စိတ်လေးလေးနှင့် ယမင်းအိမ့် မောင်းထွက်ခဲ့သည်။ သူ့ရဲ့

ချစ်လှစွာ သော ချစ်ဇနီး စန္ဒီမိုးဖြူသေဆုံးပြီးကတည်းက ဝံ့ထက်ကျော် အထီးကျန်စွာ နေခဲ့သည်ကို ယမင်းအိမ့် ရုပ်ရှင် စာစောင်တွေ ဖတ်ခြင်းအားဖြင့် သိခဲ့သည်။

မိန်းမ သေဆုံးပြီး ရုပ်ရှင်ကို တစ်နှစ် တိတိ မရိုက်ဘဲ ဝံ့ထက်ကျော်က နေခဲ့သည်။ တိုင်းတစ်ပါး ကိုလည်း စိတ်ပြေလက်ပျောက် သွားခဲ့သည်။ တော် တော် ကြီး ကြာမှ ပြန်ခဲ့သည်။ ခု ရုပ်ရှင် ပြန်ရိုက်တာ မကြာသေး၊ နှစ် ကားသာ ရှိသေးသည်။ ဦးမြင့်စိုးက အခြားကုမ္ပဏီက ဒုတိယကား မပြတ်ခင်မှာ ကမ်းလှမ်းပြီး ရိုက်ဖို့စီစဉ်သည်။

ဒုတိယကား နားရက်များ မှာ ကြားပေါက် လာရောက်ရိုက်ပေးခြင်း ဖြစ်သည်။

*

လေဆိပ်သို့ ရောက်ခဲ့ပါပြီ၊ လေယာဉ် မဆိုက်သေး၍ ယမင်းအိမ့် ခဏစောင့်နေရသည်။ မင်းသားကို မစောင့်စေချင်၍ ကြိုထွက်ခဲ့ခြင်းသာ။ စောင့်ရလျှင်လည်း မင်းသားက စိတ်ရှည်မယ့်သူ မဟုတ်ဘူးလေ။

ယမင်းအိမ့်စောင့်နေစဉ် ဆယ်မိနစ် ကျော်ကျော်မှာ လေယာဉ်ဆိုက်ပါပြီ။ မင်းသားက အတက်ချီကေ့(စ်)တစ်လုံးကိုဆွဲရင်း လာပါပြီ။ သူ့နောက်ပါးက အပါးတော် မြဲ ယောကျ်ားတစ်ဦး ပါလာသည်။ မင်းသား ကားရိုက်သွားလေရာရာမှာ အမြဲတမ်းပါသော မိုးဦးပါ။

ယမင်းအိမ့်က သူတို့ထွက်လာသည့် တံခါးပေါက်ဝမှာ သွားကြိုနေသည်။ မင်းသားက ဝေ့ဝဲပြီး ကြိုသူကိုရှာနေသည်။ ဦးမြင့်စိုး လာကြိုမည် လို့ မင်းသားက ထင်နေသည်။

“ကိုဝံ့ထက်ကျော်”

ယမင်းအိမ့်က မင်းသားရှေ့မှာ ခြေစုံလေးရပ်ပြီး အသံတိုးတိုးလေးနှင့် ခေါ်သည်။ ဝံ့ထက်ကျော် က မျက်ဝန်းကိုပင့်ပြီး သူမကို ကြည့်သည်။

“ဦးမြင့်စိုး မအားလို့ ယမင်းကို လာကြိုခိုင်းလို့ပါ။ မင်းသားကို ဂရုတစိုက်ခေါ်ခဲ့ဖို့

ယမင်းကို တာဝန်ပေးလိုက်ပါတယ်”

တည်တန့်စွာ ကြည့်နေသော ဝံ့ထက်ကျော်ရဲ့ မျက်ဝန်းထဲမှာ ရယ်မြူး ရိပ်တွေ လက်စို သွားသည်။ သေးသွယ်ဖြူနုနေသော ယမင်းအိမ့်ကိုကြည့်ပြီး သူ့နှုတ်ခမ်းမှာ အပြုံး တစ်ခု ဝဲသွားသည်။

“ဩော် မင်းသားကို ဂရုတစိုက် ခေါ်မယ့်သူက တော် တော် ကျားကျားလျားလျားရှိတာပဲ”

မင်းသားရဲ့ အပြောကြောင့် ရင်ထဲမှာ စိုးစဉ်းဒေါသတွေ လိပ်တက်လာသည်။ ဒါပေမယ့် သည်းခံရမှာ မို့ ယမင်းအိမ့် ဘာမှမပြောတော့ဘဲ။

“ကဲ...ဒါဆို သွားကြစို့လေ၊ ကားအပြင်မှာ မဟုတ်လား”

“ဟုတ်ပါတယ်”

ကားဆီသို့ ရောက်ခဲ့ပါပြီ။ ယမင်းအိမ့်က စ,ဖွင့်ပေးသည်။

“ထိုင်ပါ”

“မင်းက ကိုယ်တိုင် ကားမောင်းမယ်ပေါ့”

“ဟုတ်ကဲ့...စိတ်ချပါ မင်းသား၊ ယမင်းက လူသေးပေမယ့် ဒီကားလောက်တော့ နိုင်အောင် မောင်းနိုင်ပါတယ်၊ မင်းသား ဘာမှမ ဖြစ်စေရပါဘူး”

“ဟား...ဟား...ဟား...”

ဝံ့ထက်ကျော်က ကားထဲဝင်ထိုင်ရင်း သဘောကျစွာ ရယ်သည်။

“မင်း...ကိုယ့်အပေါ် အစာမကျေဘူး ထင်ပါတယ်၊ မင်းကို သက်သက် ကျီစားလိုက်တာပါ”

နောက်ကြည့်မှန်ကနေ သူ့ရဲ့ ရယ်ရွှင်နေတဲ့မျက်နှာကိုကြည့်ပြီး စောစောကဒေါသ ပြေသွားသည်။ ရယ်ရွှင်နေသော သူ့ရဲ့ မျက်နှာက ပိုနုပြီး ပို၍

ချောနေပါလား။

ယမင်းအိမ့်ရဲ့ နှလုံးသားထဲမှာ သွေးခုန်နှုန်းတွေ ဆူညံသွားသည်။ ဝံ့ထက်ကျော်ရဲ့ အကြည့် တစ်ခုကို ရရှိလိုက်ပြီး ရင်မှာ ဖြောင်းဆန်သွားသည်။

ကားကို ဂရုတစိုက်နှင့် မောင်းပြီ သူ့ကို မကြည့်မိအောင်ကြိုး စားနေသည်။ ဦးမြင့်စိုးက ရုပ်ရှင် အဖွဲ့ကို ဟိုတယ်မှာ မတည်းစေဘဲ သူ့ရဲ့ မိတ်ဆွေ တစ်ယောက် ရဲ့ အိမ်ကိုငှားပြီး တည်းစေသည်။

အိမ်က သီးသန့်ဖြစ်ပြီး ကျယ်ကျယ်ဝန်းဝန်း လွတ်လွတ်လပ်လပ်ရှိနေသည်လေ။ ခြံဝန်းထဲသို့ ယမင်းအိမ့်က ကားကို မောင်းဝင်ခဲ့သည်။ အိမ်ရဲ့ ဆင်ဝင်အောက်မှာ ဦးမြင့်စိုးက စောင့်ကြိုနေသည်။

"မင်းသားရေ ကိုယ်တိုင် လာမကြိုနိုင်တာ စိတ်မရှိနဲ့နော်"

တံခါးကိုဖွင့်ပေးရင်း ဦးမြင့်စိုးက တောင်းပန်သည်။

ဝံ့ထက်ကျော်က ပြုံး ရယ်ပြီး ပြန်ပြောလိုက်သည်က…

"ဦးမြင့်စိုးက တကယ့်ကို ကျားကျားလျားလျား လူ တစ်ယောက် လွှတ်ပြီး ခိုင်းလိုက်တာကိုး၊ မှာ လိုက်သလိုပဲ ကျွန်တော့် ကို သူ ဂရုတစိုက် ခေါ်ခဲ့ပါတယ်"

ယမင်းအိမ့်ကို တမင်လှောင်ပြီးပြောသည်။ သူနောက်ပြောင်နေမှန်းသိပေမယ့် ယမင်းအိမ့် စိတ်ထဲမှာ နည်းနည်း တင်းသွားသည်။

"မင်းသားတို့အတွက် အခန်းပြင်ထားပါတယ်၊ နားနားနေနေ နေလိုက်ပါဦး"

ဦးမြင့်စိုးက ပြင်ထားသည့် အခန်းနေရာသို့ ခေါ်သွားသည်။ မိုးဦးက သေတ္တာကြီးနှစ် လုံးကို တစ်ဖက်စီ ဆွဲပြီး သူ့နောက်က လိုက်သွားသည်။

ယမင်းအိမ့်လည်း မင်းသားကိုကြိုရတာ စိတ်မောလူမော ဖြစ်သွား၍ ရေခဲသေတ္တာထဲက ဆန်းကစ်သံဘူးတစ်ဘူးထုတ်ပြီး ဖောက်သောက်လိုက်သည်။

ယမင်းသောက်ပြီးလောက်မှ ဦးမြင့်စိုးက အနားရောက်လာသည်။

"ယမင်းရေ…မင်းသားတို့ ဘာအအေးသောက်မလဲမေးပြီး စီစဉ်ပေးလိုက်ပါကွယ်"

သည်လိုပါပဲ၊ ယမင်းအိမ့်ကို ဦးမြင့်စိုးက ဘက်စုံခိုင်းသည်။ ယမင်းအိမ့်ကလည်း မညည်းမညူလုပ်ပေးတတ်သည်လေ။ ဦးမြင့်စိုးက အားကိုးရသော အတွင်းရေး မှူး မလေးကို လခထက် အပို ဘောက်ဆူးတွေ မကြာခဏ ပေးတတ်သည်။

သားသမီးမရှိသော ဦးမြင့်စိုးက သမီးလေးနှင့် မခြား စောင့်ရှောက်သည်။ ကူညီစရာရှိလျှင် ကူညီသလို ဆိုဆုံးမစရာ ရှိလျှင်လည်း မညှာတမ်း ဆိုဆုံးမသည်။

ယမင်းအိမ့်က သောက်လက်စကို ကုန်အောင်သောက်ပြီး ဝံ့ထက်ကျော်အခန်းဆီသို့ လှမ်းခဲ့ ရသည်။ မင်းသားဆီသွားရတာ ခပ်ရွံ့ရွံ့ပါ။ သူမကို မလောက်လေးမလောက်စားလေးဆိုပြီး လှောင်သည် ပြောင်သည်ကို မကြိုက်နှစ်သက် ပါ။

တံခါးကို ခေါက်လိုက်သည်။ အတွင်းက ချက်မထိုးထား၍ တံခါးရွက်ကလှုပ်နေသည်။ ဒါပေမယ့် ခွင့်ပြုချက်မရသေးဘဲ ယမင်းအိမ့်တွန်းပြီး မဝင်ရဲပါ။ အတွင်းမှ ပြန်ထူးသံ ကြားရသည်။

"ဝင်ခဲ့ပါ"

တံခါးကို ဖြည်းလေးစွာ လက်ဖဝါးနှင့် ယမင်းအိမ့်က တွန်းလိုက်သည်။ ကျယ်ဝန်းသော အိပ်ခန်းကြီးမှာ ခုတင်နှစ် လုံးအပြင် စားပွဲ ကုလားထိုင်ပါ စီစဉ်ပေးထားသည်။ လေအေးစက် ဖွင့်ထား၍ အခန်းထဲမှာ အေးစိမ့်နေသည်။ ယမင်းအိမ့်ကိုမြင်တော့ မင်းသားက မျက်ခုံးပင့်ပြီး ကြည့်သည်။

"ဟို…ဦးမြင့်စိုးက မေးခိုင်းလိုက်လို့ပါ၊ ကိုဝံ့ထက်ကျော်တို့ ဘာအအေးများ သုံးဆောင်ချင်ပါလဲ ရှင်"

မင်းသားရဲ့ အကြည့်ကို တည့်မတ်စွာ ခံစားမိရင်း ယမင်းအိမ့်ရဲ့ စကားတွေ က

အထစ်ထစ် အငေါ့ငေါ့ ဖြစ်သွားသည်။

“ဦးမြင့်စိုးက တကယ်အလိုက်သိပါလား၊ မင်းတို့ဆီမှာ ဘာအအေးများ ရှိလဲ”

“မင်းသား သုံးဆောင်ချင်တာသာ ပြောပါ”

“ကိုယ်က ဟင်နီကင်ဘီယာ သောက်ချင်တယ် ဆိုရင်ကော”

“ရှိပါတယ်”

“တယ်ဟုတ်ပါလား”

ရယ်မြူး ရိပ်တွေ နှင့် ရှိနေသော ဝံ့ထက်ကျော်ကို မကျေနပ်မိပါ။ မိမိကို နောက်ပြောင်စရာများ ထင်နေရော့လား။

“ခဏ စောင့်ပါဦး”

အခန်းထဲက သွက်လက်သော ခြေလှမ်းတွေ ဖြင့် ယမင်းအိမ့် ပြန်ထွက်ခဲ့သည်။ ရေခဲသေတ္တာ ကို ဖွင့်လိုက်သည်။ အအေးဘူး သုံးလေးမျိုးနှင့် ဟင်နီကင်ဘီယာဘူးများ သာ ရေခဲသေတ္တာထဲမှာ ရှိသည်။ မင်းသားကို သုံးဆောင်ချင်တာသာ ပြောပါလို့ အကြွားပိုပြီး ပြောခဲ့ပေမယ့် မင်းသားက ရှိသည့်အမျိုးအမည် ကိုသာတောင်း၍ တော် ပါသေးသည်။

ဟင်နီကင် ဘီယာဘူးနှစ် ဘူးကို စတီးလင်ပန်းပေါ်တင်ပြီး လက်သုတ်ပဝါကိုမူ ပန်းကန်ပြား သေးသေးလေးတစ်ချပ်မှာ တင်လိုက်သည်။ ပြီးတော့ ကြောင်အိမ်ကို ဖွင့်ကြည့်လိုက်သည်။ အတော် ပါပဲ ငါးမုန့်ကြော်ထုပ်နှင့် အာလူးကြော်ထုပ်များ ကို တွေ့ရသည်။

ထမင်းစား ပန်းကန်ပြားထဲမှာ ဖောက်ထည့်ပြီး လင်ပန်းပေါ်တင်ကာ ဝံ့ထက်ကျော်ရဲ့ အခန်းဆီ သို့ လှမ်းခဲ့သည်။ ယမင်းအိမ့် သယ်ဆောင်လာသော စားစရာများ ကို မြင်ပြီး ဝံ့ထက်ကျော်က လေတစ်ချက်ချွန်လိုက်သည်။

“ဟ…ဘယ်ဆိုးလို့လဲ၊ မင်းက ဘီယာနဲ့လိုက်ဖက်တာကို စီစဉ်တတ်သားပဲ၊ ဘီယာသမား အကြောင်း မင်းတော် တော် နားလည်တယ်နော်”

"ရုပ်ရှင်လောကမှာ အလုပ်လုပ်နေတဲ့သူပဲ၊ ဒါလောက်တော့ နားလည်ပါတယ် ရှင်"

မျက်နှာထားတည်တည်လေးနှင့် ယမင်းအိမ့်က ပြန်ပြောသည်။ ဘာကြောင့် မှန်းမသိ ဖြူဖြူနုနု သည့်မိန်းကလေးကို သူသိပ်ပြီး စချင် နောက်ချင်နေသည်။

"မသိပါဘူးဗျာ၊ ဘီယာ သောက်တတ်တဲ့ သူ တစ်ယောက် ယောက် နဲ့များ အနေနီးလို့လားလို့ပါ"

မိုးဦးက ထူးခြားနေတဲ့ သူ့ဆရာရဲ့ ဟန်မူရာကို နားမလည်အောင် ရှိနေသည်။

"ဒါနဲ့ မင်း နာမည် အခုချိန်ထိ ကိုယ် မသိရသေးဘူးလေ"

"ယမင်းအိမ့်ပါ"

"အင်း...လှတယ်၊ လူနဲ့ နာမည် ဟပ်နေတာပဲ"

ဝံ့ထက်ကျော်က ရယ်ရယ်ပြုံး ပြုံး နှင့် အတည်ပြောလိုက်သော် လည်း ယမင်းအိမ့် စိတ်ထဲမှာ သူမကို လှောင်ပြောင်နေသည်လို့ ထင်လိုက်သည်။

"ယမင်းကို ခွင့်ပြုပါဦး"

ဘာကြောင့် မှန်းမသိဘဲ၊ ဝံ့ထက်ကျော်ရှေ့မှာ နေရတာ စိတ်ကျဉ်းကျပ်သည်မို့ အမြန်ဆုံး ပြန်ထွက်ခဲ့သည်။ မင်းသားက ဟန်ပါပါ ခေါင်းညိတ်ပြီး ခွင့်ပြုလိုက်သည်။

မီးဖိုဆောင်ဆီသို့ ယမင်းအိမ့် ဝင်ခဲ့ပြန်သည်။ ညစာကို ဝံ့ထက်ကျော်တို့အတွက် ပြည့်စုံစွာ စီစဉ်ရဲ့ လားလို့ စစ်ဆေးရန် ဖြစ်သည်။

*

ယမင်းအိမ့်က ရေချိုးပြီး ပြင်ဆင်လိုက်သည်။ မင်းသားနှင့် တစ်အိမ်တည်း အတူရှိနေပေမယ့် စားချိန်မှသာ မင်းသားနှင့် ပြန်ဆုံရမည် မဟုတ်လား။ သည်နေ့မှရောက်၍ ဝှံ့ထက်ကျော်က ကားကို ချက်ချင်း မရိုက်၊ မနက်ဖြန်မှ စ၍ ရိုက်မည် ဖြစ်သည်။ တစ်ညတာ နားနေပြီးမှ လုပ်ငန်းစမည် ဖြစ်သည်။

ယမင်းအိမ့်က ခါတိုင်းထက် သူမကိုယ်ကိုသူမ ပြင်ဆင်လိုက်သည်။ ကုပ်ဝဲ ဆံပင်လေးကို သည်တိုင်းချထား၍ အတွင်းသို့ ကုပ်ကုပ်လေး ဖြစ်နေသည်။ ရှေ့မှဖြတ်တောက်ထားသော ဆံပင်လေး တွေ နဖူးပေါ် ဘုတ်သိုက်ကျနေသည်။

မျက်နှာပြည့်ပြည့်ဖောင်းဖောင်းလေး ပိုပြီးပြည့်တင်းသွားသည်။ မျက်ခုံးနက်နက်တန်းတန်းလေး တောက်ပြောင်ရွှန်းလက်သော မျက်ဝန်းဝိုင်းဝိုင်း၊ ထူထဲကော့ညွတ်သော မျက်တောင်၊ နှာတံစင်းစင်း၊ ဖူး၍ ပန်းသွေးရောင် ကြွနေသော နှုတ်ခမ်းနှစ် လွှာတို့ဖြင့် ယမင်းအိမ့်က ဖြူစင် အပြစ်ကင်းစင်အောင် လှနေသည်။

ဘီဘဲလ် စပို့ရှပ် စိမ်းပြာရောင် နှင့် ရှမ်ပိုင်းလုံချည်စိမ်းပြာရောင် ကို ဝမ်းဆက် ဝတ်လိုက်သည်။ သွယ်လျသော ကိုယ်လုံးကျစ်ကျစ်လေးမှာ ချပ်ရပ်စွာ ရှိနေသည်။

မှု နိုနံ့သာတွေ ပြေပြေ ခြယ်သထားသော မျက်နှာလေးက ဝင်းအိနေသည်။ စိတ်တိုင်းကျပြင်ဆင်ပြီးမှ မှန်ရှေ့က ခွာလိုက်သည်။

ထမင်းစားခန်းဆီသို့ ယမင်းအိမ့် ထွက်လာသည်။ ထမင်းချက်အဖွဲ့က ချက်ပြုတ်ပြီးသား ဟင်း ထမင်းကို စားပွဲပေါ်မှာ ပြင်ဆင်နေသည်။ မင်းသားစားမည့် ဝိုင်းမှာ ပြည့်စုံစွာ ရှိရဲ့ လားလို့ ယမင်းအိမ့် စစ်ဆေးသည်။ ဒါက မိမိရဲ့ အလုပ်ပဲလေ၊ ကုမ္ပဏီပိုင်ရှင် ဒါရိုက်တာမင်းသားတို့ဝိုင်းက အခြားဝိုင်းတွေ ထက် ပိုပြီးပြည့်စုံ ထူးခြားရသည် မဟုတ်လား။

ယမင်းအိမ့် စစ်ဆေးနေစဉ်မှာ ဦးမြင့်စိုး ရောက်လာသည်။

"အားလုံး ပြည့်စုံရဲ့ လား၊ ကြည့်ပါဦး ယမင်း၊ တော် ကြာ မင်းသားတွက်

လိုနေဦးမယ်နော်”

“ပြည့်စုံပါပြီ ဦး:”

နာမည် ကြီး မင်းသား၊ အငှားရခက်သော မင်းသားမို့၊ ဦးမြင့်စိုးတို့ ပျာယာခတ်နေသည်။

“အသင့် ဖြစ်ရင် စားဖို့ ခေါ်လိုက်တော့လေ”

“ဟုတ်ကဲ့”

ဝံ့ထက်ကျော်ရဲ့ အခန်းသို့ ယမင်းအိမ့် တစ်ခေါက်ရောက်လာပြန်ပါပြီ၊ တံခါးခေါက်လိုက်တော့ ဝင်ခဲ့ဆို၍ ဝင်လိုက်သည်။ အိပ်ရာပေါ်မှာ လက်နှစ် ဖက်ကို ခေါင်းမှာ ယှက်ပြီး ခေါင်းအုန်းထားသော မင်းသားကို တွေ့ရသည်။

“ဘာလဲ ယမင်းအိမ့်”

“ညစာသုံးဆောင်ဖို့ အသင့် ဖြစ်နေပါပြီ”

“ဟာ…ဟုတ်လား၊ ဗိုက်ဆာနေတာနဲ့ အတော် ပဲ၊ ကဲ…ကိုမိုးဦး သွားစားကြစို့”

ဟန်ဆောင်မှု ကင်းမဲ့စွာ နှင့် ဝံ့ထက်ကျော်က ပြောသည်။ ယမင်းအိမ့်နောက်က လိုက်လာကြ သည်။ အထူးပြင်ဆင်ထားသော ဝိုင်းမှာ ဝံ့ထက်ကျော်တို့ကို နေရာချထားသည်။ ကျန်ရုပ်ရှင်အဖွဲ့သား များ လည်း အသီးသီး ထမင်းဝိုင်းမှာ နေရာယူသည်။

“ယမင်းရော ကိုယ်တို့နဲ့ အတူဝင်စားပါလား”

“ရပါတယ်၊ ဟိုဘက်ဝိုင်းမှာ ယမင်း သွားစားပါ့မယ်…”

“လာပါ ယမင်းရယ်၊ ကိုယ်တို့နဲ့ စားဖို့ ဖိတ်ခေါ်ပါတယ်”

“ဟုတ်သားပဲ ယမင်းဝင်စားလေကွာ”

ဦးမြင့်စိုးကပါ ခေါ်၍ မကောင်းတတ်သဖြင့် သူတို့ဝိုင်းကို ဝင်ရသည်။

အမှန်တော့ သူတို့နှင့် အတူ ယမင်းအိမ့် မစားချင်ပါ။ လွတ်လပ်မှု မရှိလို့ ထင်မိသည်။

"ယမင်းက တော် တော် ချက်ချာတဲ့ မိန်းကလေးပဲနော် ဦးမြင့်စိုး"

ပေါ်တင်ကြီး ဝံ့ထက်ကျော်က ချီးကျူး လိုက်သည်။ ဦးမြင့်စိုးကလည်း အပြည့်အဝ ထောက်ခံသည်။

"ဟုတ်တယ် မင်းသား သူရောက်လာတာ အစစအရာရာ အားကိုးရတယ်၊ သမီး တစ်ယောက် လိုပါပဲဗျာ"

ရှေ့တင်ကြီးမှာ ပြောနေကြတော့ ယမင်းအိမ့်မျက်နှာမထားတတ်အောင်ပင် ရှက်လာသည်။

"ဒီထမင်းဝိုင်းကလဲ သူက စီစဥ်ပြီး စားဖိုမှူး ကို ခိုင်းထားတာလေ"

"ဟင်းတွေ အစပ်အဟတ် တည့်လိုက်တာ မိုက်ဆာဆာနဲ့ ထမင်းမြိန်တယ်ဗျာ"

ဟန်ဆောင်မှု ကင်းမဲ့စွာ နှင့် ဝံ့ထက်ကျော် စားနေသည်။ ယမင်းအိမ့် ကြားဖူးသလောက် ဝံ့ထက်ကျော်သည် မိန်းမ ဆုံးပြီးကတည်းက တသီးတခြား နေတတ်သည်။ ဖော်ရွေမှု နည်းပါးသွား သည်တဲ့၊ ခုတော့ မြင်တွေ့နေရတာ ကြားခဲ့သည်များ နှင့် တခြားစီ ဖြစ်နေပါပေါ့လား။

"ယမင်းက စီမံရုံစီမံတတ်တာ ထင်တယ်၊ ချက်ပြုတ်တတ်မယ့် ပုံ မပေါ်ဘူးနော်"

ဖျတ်ခနဲ သူ့ကို မော့ကြည့်မိသည်။ ပြုံး စစနှင့် သူက ပြောနေသည်ပဲ။ မိမိကို အထင်သေးစွာ ပြောနေသော ဝံ့ထက်ကျော်ကို ဒေါပွသွားသည်။

"ယမင်းက စီမံရုံတင်မကဘူး၊ အချက်အပြုတ်လဲ ကျွမ်းကျင်ပါတယ် ကိုဝံ့ထက်ကျော်၊ မိန်းကလေး တစ်ယောက် တတ်သင့်တဲ့အိမ်တွင်းမှု ကို မေမေက မိခင်ကောင်းပီပီ သွန်သင်ပေးခဲ့ ပါတယ်"

ယမင်းအိမ့် နည်းနည်း ဒေါပွသွားသည်ကို ကျေနပ်စွာ ဝံ့ထက်ကျော် ပြုံး

လိုက်သည်။ သည့် မိန်းကလေးကို သူ စချင်နောက်ပြောင်ချင်သည်။ အဲသည့် အပြု အမူအတွက် တုံ့ပြန်မှု ကိုလည်း သူ လိုလားပါသည်။

ယမင်းအိမ့်က ခေါင်းငုံ့ပြီး သွက်သွက်လေးစားသည်။ ဝံ့ထက်ကျော်ရဲ့ အကြည့်ကို ခံစားရလေ တိုင်း သူမရဲ့ ရင်မှာ အတိုင်းအဆမဲ့စွာ ခုန်နေသည်။

ဘာကြောင့် သည်လို ရင်ခုန်ရသည်ဆိုတာကို အဖြေရှာ၍ မရသေးပါ။ မိမိ သိပ်ပြီး နစ်သက် သော မင်းသား ဖြစ်နေသော ကြောင့် ပင် ဖြစ်မည် လို့ ယူဆလိုက်သည်။

ထမင်းဝိုင်းမှ ဦးစွာ ခွာသည်။ ဝံ့ထက်ကျော်ထံမှ အကြည့်တစ်ခု သူမဆီသို့ ရောက်လာမှန်း သိသော် လည်း မသိဟန်ဆောင်ပြီး ထွက်ခဲ့သည်။ ရင်ထဲမှာ မွှမ်းကျပ်နေ၍ ပန်းခြံထဲ ဆင်းခဲ့သည်။

ပြုစုပျိုးထောင်မှု နည်းပါးပြီး နှင်းဆီရိုင်းများ မင်းမူနေသော ခြံထဲမှာ လျှောက်နေသည်။ သင်းပျံ့သော နှင်းဆီရနံ့တွေ ကို ရှူရှိုက်နေမိသည်။ မှောင်ရီတွေ ပင် ပျိုးလာပြီ။

အမှောင်ရိပ်များ ယမင်းအိမ့်ကို ဝိုင်းရံခြုံသိုင်းလာပြီ။ အိမ်ထဲ ပြန်မဝင်ချင်သေး၍ ခြံထဲမှာ လျှောက်နေသည်။ မိမိရဲ့ ဘေးမှာ ခြေလှမ်းတစ်ချို့ ကျလာသည်ကို သတိပြုမိသည်။ ခြေလှမ်းရှင်ကို မော့မကြည့်ဘဲ သိလိုက်ပါသည်။

“ တစ်ယောက် တည်း လမ်းလျှောက်ပြီး ဘယ်သူ့ဆီ လွမ်းနေတာလဲ ယမင်းအိမ့်ရဲ့ ”

ဝံ့ထက်ကျော်က ပြုံး စစနှင့် မေးသည်။ သူ့မျက်နှာချောချောကို တစ်ချက် လှမ်းကြည့်ပြီး အကြည့်ကို လွှဲလိုက်သည်။

“ယမင်းမှာ လွမ်းရမယ့်သူ မရှိပါဘူး”

“ဒါလောက်လှတဲ့ မိန်းကလေးမှာ မရှိဘူးဆိုတာ ယုံချင်စရာပဲ”

တမင်ကျီစယ်ပြီး နောက်ပြောင်သည်။

"ယုံချင်မှ ယုံပါ ရပါတယ်"

ယမင်းအိမ့်ရဲ့ အပြောကို သဘောကျပြီး ဝံ့ထက်ကျော်က ရယ်လိုက်သည်။

"ယမင်းအိမ့်က တကယ်ချောတယ်၊ အေးတယ်၊ တည်ငြိမ်တယ်နော်"

နာမည် ကြီး စူပါမင်းသားရဲ့ ပါးစပ်က ထိုသို့ ပြောလိုက်တော့ ယမင်းအိမ့် မယုံကြည်နိုင် လိုက်အောင် အံ့ဩရပါသည်။

"ရှင်..."

"နောက်ပြီး စိတ်ရှည်တယ်၊ ကိုယ် နောက်ပြောင်နေတာတောင် စိတ်ဆိုးပုံ မပြဘူး"

ဘာမှ မတုံ့ပြန်ဘဲ ယမင်းအိမ့်က နှုတ်ဆိတ်နေလိုက်သည်။ သူက ဆက်ပြီး လေရှည် နေသေးသည်။

"ယမင်းကို မြင်မြင်ချင်း ဘာကြောင့် မှန်း မသိဘူး ကိုယ် ခင်မိတယ်၊ ဒါကြောင့် စမိ နောက်မိ တာပေ့ါ"

"မင်းကို စ,တွေ့ကတည်းက၊ ကလေး တစ်ယောက် လိုပဲ ကိုယ်က စ,ချင် နောက်ချင်နေတာ"

ဝံ့ထက်ကျော်ရဲ့ မျက်နှာကို ခပ်စိုက်စိုက်လေးပင် ကြည့်မိလျက်သား ဖြစ်သွားသည်။ လှိုင်းတွန့် ဆံပင်တွေ နဖူးပေါ်ဝဲနေတဲ့ သူ့အသွင်အပြင်က နပျိုနေသည်။

ထူထဲသော မျက်ခုံးတွေ က မျက်နှာရဲ့ ခံ့တည်မှု ကို ပိုစေသည်။ စင်းသော နှာတံ၊ ထက်မြက် တောက်ပြောင်သော မျက်ဝန်း၊ ပိပြတ် တိကျသော နှုတ်ခမ်းတွေ က ပြတ်သားမှု ကို ပေါ်ထင်စေသည်။

စွဲမက်စရာ ကောင်းသော သူ့မျက်နှာကို သတိလက်လွတ် ငေးကြည့်မိပြီးမှ အကြည့်ကို ပြန်၍ ရုပ်သိမ်းလိုက်သည်။

"မနက်ဖြန် ညစာ အပြင်မှာ သွားစားကြရအောင် ယမင်းကို သိကျွမ်းရတဲ့ အထိမ်းအမှတ်နဲ့ ကိုယ် ကျွေးပါရစေ"

နာမည် ကြီး မင်းသား တစ်ယောက် က သူမကို အရေး တယူ ရှိလှ ချည်လား။ ယမင်းအိမ့်က မိမိအ ဖြစ်ကို မိမိ မယုံနိုင်အောင် ဖြစ်နေရပါသည်။

"ယမင်းရယ်၊ ကိုယ်ရယ် နှစ် ယောက် တည်း သွားစားကြမယ်လေ"

လက်ခံရမှာ လား၊ ငြင်းဆန်ရမှာ လားလို့ ယမင်းအိမ့် စဉ်းစား၍ မရနိုင်အောင် ဖြစ်နေသည်။ ငြင်းဆန်လို့ မသင့်တော် မှန်း သိပါသည်။ လိုက်သွားလို့ရော သင့်တော် ပါမည် လား။ ဦးမြင့်စိုးရဲ့ ခွင့်ပြုချက်ကို ရယူချင်ပါသေးသည်။

"ဘယ်လိုလဲ ယမင်းရဲ့ "

သူမရဲ့ အဖြေကို ငံ့လင့်ရင်းနှင့် ဝံ့ထက်ကျော်က မေးလိုက်သည်။

"ဦးဦး ခွင့်ပြုမလား မသိဘူး"

"ကဲ...ဒါဆို ကိုယ်ပဲ မေးလိုက်မယ်၊ ဦးမြင့်စိုးက ခွင့်ပြုရင် ယမင်းလိုက်ခဲ့နော်"

"ဟုတ်ကဲ့..."

"မနက်ဖြန် ကားစရိုက်ရမှာ ကိုဝံ့ထက်ကျော် စောစောမနားဘူးလား"

သူမလည်း အိမ်ထဲသို့ ဝင်ချင်ပြီလေ။ ဒါကြောင့် ယမင်းအိမ့် စကားခေါ်သည်။

"ဘာလဲ၊ ယမင်းက အိမ်ထဲ ဝင်ချင်ပြီလား"

"ဟုတ်ကဲ့"

"ကိုယ်နဲ့စကားပြောရတာ စိတ်မဝင်စားဘူးပေါ့"

"အို ... မဟုတ်ပါဘူး"

"ဒီမှာ ယမင်း မင်းနဲ့စကားပြောရတာ ကိုယ်ပျော်လို့ပါ၊ မင်းအိမ်ထဲဝင်ချင်ရင်

ဝင်လေ၊ ကိုယ် မဝင်ချင်သေးလို့ ခြံထဲမှာ နေလိုက်ဦးမယ်”

“ဒါဆို ယမင်းကို ခွင့်ပြုပါဦး… ကိုဝံ့ထက်ကျော်”

ပြောပြီး သူ့ရှေ့မှ ယမင်းအိမ့် လှမ်းထွက်သည်။

“နေဦး”

ဖျတ်ခနဲ ဝံ့ထက်ကျော်က သူမရဲ့ လက်ကို ဖမ်းဆွဲလိုက်သည်။ လန့်ဖျပ်စိတ်နှင့် အတူ ရင်ထဲမှာ ရှိန်းခနဲ ဖြစ်သွားသည့် မျက်နှာလေး တစ်မျိုး ဖြစ်သွားသည်ကို ဝံ့ထက်ကျော်က တွေ့မိပြီး စိတ်မကောင်း ဖြစ်သွားသည်။

“ဆောရီး ယမင်း၊ ကိုယ်က ရုပ်ရှင်ရိုက်နေသလို ဖြစ်သွားလို့ပါ”

ဝံ့ထက်ကျော်က တကယ်ပဲ၊ စိတ်မကောင်း ဖြစ်သွားပြီး တောင်းပန်သည်။

“ကိုယ့်ကို ဝံ့ထက်ကျော်လို့ မခေါ်ပါနဲ့လားကွာ၊ အခု ကိုယ်နဲ့ ယမင်းက မိတ်ဆွေတွေ ဖြစ်သွား ပြီပဲ၊ ကိုဝံ့ထက်လို့ခေါ်ရင် လုံလောက်ပါတယ်”

“ဟုတ်ကဲ့ ကိုဝံ့ထက်၊ ယမင်းကို သွားခွင့်ပြုပါနော်”

“အိုကေ”

နှစ် လိုဖွယ်အပြုံး တွေ နှင့် ဝံ့ထက်ကျော်က ကြည့်လာသည်။ သူ့အကြည့်တွေကို ခံစားရတိုင်း ယမင်းအိမ့်ရဲ့ ရင်မှာ အတိုင်းအဆမဲ့စွာ လှိုက်ခုန်ခဲ့ရသည်သာ။

အိမ်ထဲပြန်ရောက်တော့ လက်ချင်းတွေ့ထိသည့် အတွေ့ကို ပြန်လည်ခံစားမိရင်း ရင်မှာ နွေးထွေးသွားရပြန်သည်။

*

(၃)

ဦးမြင့်စိုးက နံနက်မှာ ယမင်းအိမ့်နားသို့ လာပြီး တိုးတိုးတိတ်တိတ်မေးသည်။

"ယမင်းကို မင်းသားက ထမင်းစားဖိတ်နေပါလား၊ တော် တော် ထူးခြားတာပဲ"

"သူက ဦးကို ပြောပြီးပြီးလား"

"ဟုတ်တယ်၊ ဦးဆီမှာ သူက ခွင့်တောင်းတယ်၊ ဦးကလဲ ခွင့်ပြုလိုက်တယ်လေ"

"ယမင်းက သူနဲ့ လိုက်သွားရမှာ မဝံ့လို့ပါ"

"စူပါ မင်းသားနဲ့ သွားရမှာ ရှက်တယ်ပေါ့၊ သူက လူကြီးလူကောင်းဆန်ပြီး ခွင့်တောင်းတာပဲ၊ ယမင်းလိုက်သွားသင့်တယ်"

"ယမင်းကြားဖူးတာနဲ့ သူ့ရဲ့ ဆက်ဆံပုံက တခြားစီပဲနော်"

"ယမင်းက ဘာတွေ ကြားဖူးခဲ့လို့လဲ"

ပြုံး ငွေ့ငွေ့နှင့် ဦးမြင့်စိုးက မေးသည်။

"မင်းသား ဝံ့ထက်ကျော်က သိပ်ပြီး တသီးတခြားနေတယ်၊ ပေါင်းသင်းဆက်ဆံရတာ ခက်တယ်တဲ့လေ"

"အင်းလေ...သူက အဲလိုပဲဟာ"

"ယမင်းအပေါ်မှာ ကျတော့ သူ ဖော်ဖော်ရွေရွေ ဆက်ဆံပါလား"

"ယမင်းက ခင်မင်စရာ ကောင်းတဲ့မိန်းကလေးမို့လို့ နေမှာ ပေါ့"

ပြုံး စစနှင့် ဦးမြင့်စိုးက ပြောနေသည်။ သူမကို ကျီစယ်နေသည်လို့ ယမင်းအိမ့် ခံစားမိသည်။ ဒါပေမယ့် မသိချင်ယောင် ဆောင်နေလိုက်သည်။

"သူ့မိန်းမဆုံးပြီးကတည်းက မင်းသားဝံ့ထက်ကျော်ဟာ တစ်မျိုး ဖြစ်သွားတယ်၊ ပေါင်းရသင်းရ ခက်တဲ့လူလို့ အပြောများ လာကြတယ်၊ ဒါပေမယ့် သူ့ပရိသတ်တွေ ပေါ်မှာ

တော့ ပြောင်းလဲခြင်း မရှိဘူးဆိုတာကိုတော့ သိရတယ်"

"ရုပ်ရှင်ရိုက်တာသာ စိတ်ပါလက်ပါရှိပြီး တခြားကိစ္စတွေ များ သူစိတ်ဝင်စားမှု လုံးဝ မရှိတော့ဘူး၊ ရုပ်ရှင်အပေါင်းအသင်းတွေ ရဲ့ အဆက်အသွယ် ဖြတ်တောက်တယ်၊ ပွဲလမ်းသဘင်ရှိလို့ ဖိတ်ရင်တောင် မလာတတ်ဘူး"

"သူ့မိန်းမကို သိပ်ချစ်တယ် ထင်တယ်နော်"

"အင်း...မိန်းမကလဲ အသက်ရှိစဉ်က သူသွားလေရာ တကောက်ကောက်ပဲလေ"

"တော် တော် လဲ ချောတယ်"

"အင်း..."

"ဒီနေ့ ရှူတင်က ဒီခြံမှာ ပဲနော် ဦး"

"အေး...တော် တော် ကြာ စ,ရိုက်မယ်၊ ဦး စီစဉ်စရာရှိတာလေးတွေ စီစဉ်ဦးမယ်၊ ယမင်းလဲ လစ်ဟင်းမှု မရှိအောင် စီမံနော်"

"ဟုတ်ကဲ့ပါ ဦး"

ခြောက်လဆိုသော အချိန်ကာလအတွင်း ၌မှာ ယမင်းအိမ့် တော် တော် လေး ကျွမ်းကျွမ်းကျင်ကျင် ဖြစ်နေပါပြီ။ ဦးမြင့်စိုးကတောင် မကြာခဏ ထုတ်ဖော် ချီးကျူး သည်။ နောက်များ မကြာခင်မှာ ယမင်းအိမ့်သည် ဒါရိုက်တာပင် ဖြစ်နိုင်သည်ဆိုပဲ။

ခြံထဲမှာ ရိုက်မည့် ရိုက်ကွင်းအတွက် ဆက်တင်ပြင်ဆင်ထားသည်ကို ယမင်းအိမ့်က သွား၍ ကြည့်သည်။ ဒါရိုက်တာက ပြည့်စုံစွာ စိတ်တိုင်းကျ ပြင်ဆင်နေသည်။ တွဲ ဖက်ဒါရိုက်တာ ဦးမြင့်စိုးကလည်း ပါဝင် ကူညီနေသည်။

ရုပ်ရှင်ကုမ္ပဏီ ပိုင်ရှင်လည်း ဖြစ်၊ တွဲ ဖက် ဒါရိုက်တာလည်း ဖြစ်သော ဦးမြင့်စိုးက နေရာတကာ ပါနေရသည်လေ။ သည်နေ့ မင်းသားရဲ့ အခန်း တော် တော် များများ ကို ရိုက်မည် ဖြစ်သည်။

အားလုံး အဆင်သင့် ဖြစ်ချိန်မှာ မင်းသားက အိမ်ပေါ်ကဆင်းလာသည်။ ရုပ်ရှင်ရိုက်ခြင်း လုပ်ငန်းကို စ,ပါတော့သည်။ ဝံ့ထက်ကျော်ရဲ့ သရုပ်ဆောင်မှု က သဘာဝ ကျပြီး တကယ့်ကို ကြည့်ကောင်းနေသည်။ ထက်မြက်သော သူရဲ့ အနုပညာကို ယမင်းအိမ့်ကြည့်ရင်း လေးစားမိပါသည်။

သရုပ်ဆောင်ကောင်း၍ လည်း ဝံ့ထက်ကျော်သည် ယနေ့ရုပ်ရှင်လောကမှာ အောင်မြင် ကျော်ကြားသော စူပါမင်းသားတစ်လက် ဖြစ်နေသည်ပဲ။

သူ့ကြည့်ရသည်မှာ သရုပ်ဆောင်သည့် အခန်းမှာ လူရောစိတ်ပါ အာရုံနှစ် ပြီး လုပ်ဆောင် နေသည်မို့ ပတ်ဝန်းကျင်မှာ ရှိနေသော ယမင်းအိမ့်တို့ကိုပင် သတိထားမိပုံမပေါ်။

ဝံ့ထက်ကျော်ရဲ့ သရုပ်ဆောင်မှု ကို ကြည့်ရင်းနှင့် ယမင်းအိမ့်နှလုံးအိမ်ထဲမှာ သူ့ကို တကယ်ပင် ငြိတွယ်သွားသည်။ သူ့ရဲ့ ရုပ်ရည် သူ့ရဲ့ ဆွဲဆောင်နိုင်မှု တို့ကြောင့် ထိုသို့ ငြိတွယ်သွား သည်လို့ ယမင်းအိမ့် ယူဆမိပါသည်။

ဝံ့ထက်ကျော်က ဝါရင့်နေသော မင်းသားမို့ သိပ်ပြီး သွန်သင်စရာမလို၊ ရိုက်ကွက်ကို တစ်ခါတည်းနှင့် အပြီး ရိုက်နိုင်ခဲ့သည်။ ညနေ မစောင်းခင်မှာ ပဲ ရုပ်ရှင်အဖွဲ့ နားကြသည်။

အဝတ်အစားတွေ လဲလိုက်၊ တစ်ခန်းရိုက်လိုက်နှင့် ရှိနေသော မင်းသားမှာ လည်း မောပန်း နွမ်းနယ်နေပြီ၊ ယမင်းအိမ့်နားသို့ သူ့အခန်းသို့ မပြန်ခင် ဝံ့ထက်ကျော်က ရောက်လာသည်။

“ညနေ ခြောက်နာရီလောက်သွားမယ်၊ အသင့်ပြင်ထားနော်”

“ဟုတ်ကဲ့…”

ယမင်းအိမ့်က မေ့နေမည် စိုး၍ ဝံ့ထက်ကျော်က အနားလာပြီး သတိပေးသည်။ ယမင်းအိမ့်က ပြန်ဖြေလိုက်တော့ ပြုံး ပြီး ခေါင်းတစ်ချက် ဆတ်သည်။ ပြီးတော့ ယမင်းအိမ့်နားက ထွက်သွားသည်။ ယမင်းအိမ့်ရဲ့ နှလုံးသားထဲမှာ

လှုပ်လှုပ်ခတ်ခတ်လေးရှိပြီး ကျန်ရစ်ခဲ့သည်။

*

ညနေမှာ သူတို့နှစ် ယောက် တည်းခိုနေသော အိမ်မှအတူတကွ ထွက်ခဲ့ကြသည်။ အနီးအနားမှာ ရှိသော စားသောက်ဆိုင် သေးသေးဆီသို့ ရှေ့ရှုလိုက်သည်။ နီးနီးလေးမို့ လမ်းလျှောက် ပင် ထွက်ခဲ့သည်။

နှစ် ယောက် စလုံး သာမန်အဝတ်အစားနဲ့ ပြင်ဆင်မှု နည်းပါးသော ကြောင့် အမှတ်တမဲ့ဆိုလျှင် မင်းသားဝံ့ထက်ကျော်ကို သတိမပြုမိနိုင်ပါ။

သေသေချာချာကြည့်မှသာ မင်းသား ဝံ့ထက်ကျော်ဆိုတာ သိကြမှာ ပါ။ နှစ် ယောက် သား သွက်သွက်ပင်လျှောက်ကြသည်။ စားသောက်ဆိုင်ဆီသို့ ရောက်ခဲ့ပါပြီ၊ မင်းသား ဝံ့ထက်ကျော်က စားသောက်စရာများ ကို မှာ သည်။

နှစ် ယောက် သား စကား တပြောပြောနှင့် စားရင်းက ဝံ့ထက်ကျော်က စကား စ,လာသည်။

“ယမင်းက သိပ်ပြီး အေးဆေး တည်ငြိမ်တာပဲ၊ ယမင်းရဲ့ အကြောင်းလေးတွေ ကိုယ် စိတ်ဝင်စားတယ်”

“ယမင်းအကြောင်းက ဘာများ စိတ်ဝင်စားစရာရှိလို့လဲ၊ ယမင်းက သာမန်လူလေ၊ ကိုဝံ့ထက် အကြောင်းကသာ စိတ်ဝင်စားစရာ ရှိတာပါ၊ နိုင်ငံကျော် ရုပ်ရှင်မင်းသား မဟုတ်လား”

ဝံ့ထက်ကျော်က နှာခေါင်းကို ရှုံ့ပြီး ရယ်ကျဲကျဲနှင့် ရှိနေသည်။

“ကိုယ့်အကြောင်းက လူအများ သိနေတာပဲ၊ မဂ္ဂဇင်းတွေ စာစောင်တွေ မှာ မကြာခဏ ပါနေတာပဲ၊ အထူးအဆန်း မရှိပါဘူး”

ဝံ့ထက်ကျော်က ဖျော်ရည်ကို တစ်ကျိုက်သောက်ရင်း ဆက်ပြောသည်။

“ယမင်းအကြောင်းက ဘယ်သူမှ သိသေးတာ မဟုတ်ဘူး၊

ယမင်းအကြောင်းကမှ စိတ်ဝင်စား စရာ ကောင်းတာပါ”

“ယမင်းအကြောင်းကို ကိုဝံ့ထက်က စိတ်ဝင်စားတယ်ပေါ့”

“အင်း...”

“ဒါဆို ပျင်းစရာကောင်းတဲ့ ယမင်းအကြောင်းကို နားထောင်နော်၊ ယမင်းက ဦးဘမြိုင်၊ ဒေါ်အိမ့်သူတို့ရဲ့ တစ်ဦးတည်းသော သမီးပါ”

“ဟုတ်လား...ယမင်းရဲ့၊ မိဘတွေ ရော ရှိသေးလား၊ ဘယ်မှာ နေလဲ”

“နှစ် ယောက် လုံး ရှိသေးတယ်၊ ရန်ကုန်မှာ နေတယ်၊ စမ်းချောင်းမှာ ရှိတဲ့ တစ်ထပ်တိုက်ကလေး တစ်လုံးမှာ ဖေဖေရယ်၊ မေမေရယ်၊ ယမင်းရယ် နေတယ်”

ကလေးငယ် တစ်ယောက် ရဲ့ ဟန်ပန်လို၊ ဟန်ဆောင်ခြင်း၊ မာနကင်းခြင်းတို့ဖြင့် ရှိနေသော ယမင်းအိမ့်ရဲ့ မျက်နှာလေးကို ဝံ့ထက်ကျော်က စေ့စေ့ကြည့်နေသည်။

“ယမင်းက ဘွဲ့ရပြီးတော့ ဦးမြင့်စိုးရဲ့ ကုမ္ပဏီမှာ အလုပ်ဝင်ခဲ့ပါတယ်၊ ခြောက်လလောက် ရှိပြီပေါ့၊ ဖေဖေတို့က အသင့်အတင့် ပြည့်စုံကြပါတယ်၊ ယမင်း လုပ်စာရမှ မဟုတ်ပါဘူး၊ ဒါပေမယ့် ယမင်းက အလုပ်တစ်ခု လုပ်ချင်လို့ ဝင်လုပ်တာပါ”

“ရုပ်ရှင်အလုပ်ကို ဝါသနာပါလို့ မဟုတ်ဘူးပေါ့”

“အစက နည်းနည်း ဝါသနာပါလို့ ဝင်လုပ်တာပါ၊ ခုတော့ ယမင်း သိပ်ကို စိတ်ဝင်စားနေပါပြီ”

“ရုပ်ရှင်လောကက အလုပ်တွေ ကိုတင်ပဲလား၊ ရုပ်ရှင်လောကသားတွေ ကိုရော”

ဝံ့ထက်ကျော် မေးလိုက်သော အမေးကို ယမင်းအိမ့် နားမရှင်းပါ။

“ကိုဝံ့ထက် ဘာကို ဆိုလိုတာလဲဟင်”

“ဒီလိုလေကွာ၊ ရုပ်ရှင်လောကအကြောင်းထဲက ရုပ်ရှင်သရုပ်ဆောင်တွေ ကိုရော စိတ်မဝင်စား ဘူးလားလို့ မေးတာ”

“သြော်...ဒါလား၊ စိတ်ဝင်စားတာပေါ့၊ အနုပညာသမားတွေ ကိုဆိုရင် သူတို့ရဲ့ ပရိသတ်တွေ က စိတ်ဝင်စားကြတာပဲ၊ သမီးလဲ အနုပညာကို လေးစားမြတ်နိုးပါတယ်၊ ဒါကြောင့် အဲဒီ အနုပညာကို ဖန်တီးနေသူတွေ ကို စိတ်ဝင်စားပါတယ်”

“ကိုယ်ကရော ယမင်း စိတ်ဝင်စားတဲ့ အနုပညာသည်တွေ ထဲမှာ ပါလား”

“ပါတာပေါ့”

ပွင့်လင်းစွာ ပဲ ယမင်းအိမ့်က ဖြေလိုက်သည်။

“ကိုဝံ့ထက်က တကယ်သရုပ်ဆောင်ပီပြင်တဲ့ မင်းသား တစ်ယောက် မို့ ယမင်း သဘောကျပါတယ်၊ ယမင်းဟာ ကိုဝံ့ထက်ကို အမြဲအားပေးခဲ့တဲ့ ပရိသတ် တစ်ယောက် ပါ”

“ဟုတ်လား၊ ကျေးဇူးတင်ပါတယ် ယမင်း”

ဝံ့ထက်ကျော်ထံမှ တည့်မတ်စွာ ကျရောက်လာသော အကြည့်တစ်ခုကို ယမင်းအိမ့် ခံစားလိုက်ရသည်။

“ကိုယ့်ဆီကိုရော မိတ်ဆက်စာတွေ ဘာတွေ ရေး ခဲ့ဖူးလား”

“ဟင့်အင်း”

“ဘာလို့လဲ”

“မိတ်မဆက်တတ်လို့ပေါ့၊ ကိုဝံ့ထက်ကိုတောင် ရုပ်ရှင်ရိုက်ကွင်းတစ်ခု နှစ် ခုမှာ ယမင်း တွေ့ ခဲ့ ဖူးပါတယ်”

“ဟုတ်လား”

“ဒါပေမယ့် ယမင်း လာပြီး နှုတ်မဆက်ခဲ့ဘူး၊ ကြိုက်နှစ်သက် တဲ့ မင်းသား တစ်ယောက် ကို ဘေးကပဲ ကြည့်နေခဲ့ပါတယ်”

“တချို့ မိန်းကလေး ယောက်ျားလေးတွေ ဆိုရင် လာမိတ်ဆက်တယ်၊ အော်တိုဂရပ်(ဖ)တွေ ရေး ခိုင်းကြတာပဲ”

“ယမင်းက အဲလို မလုပ်တတ်ဘူးလေ”

ပြုံး လဲ့လဲ့နှင့် ဝံ့ထက်ကျော်က သူမကို ကြည့်နေသည်။

“ဘာလို့လဲ ယမင်း”

“အောင်မြင်ကျော်ကြားနေတဲ့သူတွေ နဲ့ ယမင်းစကားပြောရမှာ ရှက်တယ်”

“ဘာလို့ ရှက်တာလဲကွာ”

“ရှင် မသိဘူးလေ၊ ရှက်လို့ ရှက်တာပေါ့”

“ရှင်းပါ့ကွာ”

ဝံ့ထက်ကျော်က သူမကို ကြည့်ပြီး သဘောကျစွာ ရယ်နေသည်။ သူမကို ဟားနေ၍ ယမင်းအိမ့်က ရှက်ရှက်နှင့် မျက်နှာလေးကို ငုံ့လျှိုးလိုက်သည်။

အခြားစားပွဲမှ သူတို့ကို ကွက်ကြည့်ကွက်ကြည့်နှင့် လူအချို့ ရှိနေသည်။ ဝံ့ထက်ကျော်ကို မင်းသားမှန်း သတိပြုမိပြီး ကြည့်နေသည်။ ထိုအ ဖြစ်အပျက်ကို ယမင်းအိမ့်က သိရှိ နားလည် လိုက်သည်။

“ယမင်းက တစ်မျိုးပဲနော်၊ တချို့ဆိုရင် ကိုယ်ကြိုက်နှစ်သက် တဲ့ အနုပညာသည်တွေ နဲ့ ရင်းနှီးအောင် ကြိုး စားကြတယ်၊ မိတ်ဖွဲ့ကြတယ်”

“အဲလိုလုပ်ကြတာလဲ သဘာဝ ပါပဲ၊ ဒါပေမယ့် အဲဒီ လူတွေ နဲ့ ယမင်းက မတူတာတော့ အမှန်ပဲ”

“တချို့ဆိုရင် မိတ်ဖွဲ့ရုံတင်မကဘူး၊ ကိုယ့်ရဲ့ ကိုယ်ရေး ကိုယ်တာကိုပါ စိတ်ဝင်စားကြတယ်၊ ကိုယ်နဲ့နီးစပ်အောင် ကြိုး စားကြတယ်၊ ယမင်းမှာ ရော ကိုယ် ကြိုက်နှစ်သက် တဲ့ မင်းသားနဲ့ နီးစပ်ချင်တဲ့စိတ် မရှိဘူးလား”

ဝံ့ထက်ကျော် မေးလိုက်သော မေးခွန်းသည် အလွန်စိတ်ဆိုးစရာ ကောင်းသော မေးခွန်းပါ။ သူ့မျက်နှာကို မော့ကြည့်လိုက်တော့ ပြုံး ရယ်မှု ဖြင့် ရီဝေနေသော သူ့

မျက်ဝန်းတွေ ကို တွေ့ရသည်။ သူမကို ကျီစားနေသည်ကို သိလိုက်သည်။

"ယမင်းက ဘယ်မင်းသားနဲ့မှ မနီးစပ်ချင်ပါဘူး ကိုဝံ့ထက်၊ ယမင်း ခင်တွယ်တာ သူတို့ရဲ့ အနုပညာကိုပါ၊ သူတို့ရဲ့ ပုဂ္ဂိုလ်ရေး ရာနဲ့ပတ်သက်ပြီး မရင်းနှီးချင်ပါဘူး၊ နှလုံးသား ငြိတွယ်စရာ ကိစ္စတွေ ကိုလဲ စိတ်မဝင်စားပါဘူး"

သူ့စကားကြောင့် ဒေါသလည်းမ ဖြစ်၊ မောဟလည်းမ ဖြစ် ပကတိတည်ငြိမ်သော မျက်နှာ အေးအေးလေးနှင့် ယမင်းအိမ့်က ပြောနေသည်။ ထိုအ ဖြစ်ကို ဝံ့ထက်ကျော် တကယ်ပဲ ခင်မင်မိ သွားသည်။

"ယမင်းက သိပ်ပြီး သဘောကောင်းတယ်နော်"

"ဟုတ်မယ် မထင်ပါဘူး"

"တကယ်ပါ၊ ကိုယ် ပြောတဲ့ စကားက ဒေါသ ဖြစ်စရာပဲ၊ မိန်းကလေး တစ်ယောက် လို ထိပါးလိုက်သလို ရှိနေပေမယ့် ယမင်း စိတ်မဆိုးဘူးနော်"

"ကိုဝံ့ထက်ကလဲ တမင် ယမင်းကို နောက်နေတာ မဟုတ်လား"

"ဘာပဲ ဖြစ် ဖြစ်ပေါ့ စိတ်ဆိုးစရာ စကားပဲဟာ"

ခင်မင်စရာကောင်းသော မိန်းကလေး တစ်ယောက် လို့ ဝံ့ထက်ကျော်ရဲ့ ရင်ထဲမှာ မှတ်သား ထားမိသည်။ အခြားစားပွဲမှ လူတွေ ကွက်ကြည့် ကွက်ကြည့်ရှိနေ၍ ယမင်းအိမ့်နေရတာ ကျဉ်းကျပ် နေသည်။ စားသောက်ပြီးစီးပြီမို့ ပြန်ဖို့ စိတ်ကူးသည်။

"ယမင်းတို့ ပြန်ကြပါစို့"

"ယမင်း သဘောပဲလေ"

စားသောက်ဆိုင်မှ ထွက်ခဲ့သည်။ ဖြည်းလေးသော ခြေလှမ်းတွေ နှင့် စကားပြောရင်း တည်းခိုရာသို့ ပြန်လာကြသည်။ အိမ်ထဲရောက်ပြီး လူချင်းမခွဲခင်မှာ ဝံ့ထက်ကျော်က ပြောသည်။

"ယမင်းနဲ့ စကားပြောရတာ ကိုယ် ပျော်ပါတယ်၊ နောက်လဲ ဆုံကြဦးစို့နော်၊ ဒီနေ့ လိုက်ခဲ့တဲ့ အတွက်လဲ ကျေးဇူးတင်ပါတယ်"

"ယမင်းက ကျေးဇူးတင်ရမှာ ပါ"

"မဟုတ်ဘူး ကိုယ်က ကျေးဇူးတင်ရမှာ ပါ၊ ယမင်းနဲ့ စကားပြောရတာ ကိုယ်ပျော်တယ်၊ ရင်ထဲမှာ တင်းကျပ်ခံစားနေရတာ နည်းနည်း ပေါ့ပါးသွားတယ်"

"ယမင်း သွားမယ်နော်"

"အိုကေ...ကျေးဇူး"

ယမင်းအိမ့်က သူ့ကို ကျောခိုင်းပြီး အခန်းဆီသို့ ထွက်လာသည်။ ဝံ့ထက်ကျော်ကို မေးလိုက် ချင်ပါသည်။ သူ့ရဲ့ ကွယ်လွန်သွားသော ဇနီးသည်အတွက် ခုချိန်အထိ ကြေကွဲစွာ ခံစား နေရဆဲလားလို့ပါ။

သူ့ရဲ့ ဇနီးစန္ဒီမိုးဖြူအတွက် ဖြေမဆည်နိုင်အောင် သူ ခံစားနေရဆဲလို့သာ ယမင်းအိမ့် မှတ်ယူ လိုက်မိပါသည်။

ဝံ့ထက်ကျော်ထံမှ မထင်မှတ်ထားသော ခင်မင်မှု ကို ရရှိသည့်အတွက် မယုံနိုင်အောင် ခံစား နေရဆဲပါ။

*